OXFORD BUDDHA VIHARA

Charity Reg. No. 1099361 Head of Vihara: Ven. Dr. K. Dhammasami

356 - 358 Abingdon Road, Oxford, OX1 4TQ, U.K.

Tel: 01865 791591 E-mail: oxford_buddhavihara@yahoo.co.uk Web: www.oxfordbuddhavihara.org.uk

**အောက်စဖို့ဒ်ကျောင်း ကျောင်းသစ်ဖွင့်ပွဲ၊ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ၊ ဓမ္မစကြာသုတ် စုပေါင်းရွတ်ဖတ်ပူဇော်ပွဲနှင့် တရားဦးဒေသနာတော်အကြောင်းတရားပွဲ အခမ်းအနား**

အောက်စဖို့ဒ်ဗုဒ္ဓဝိဟာရကျောင်းသည် အင်္ဂလန်နိုင်ငံတွင် ဗုဒ္ဓသာသနာတော် တက်နေအလားကဲ့သို့ ထွန်းလင်းတောက်ပရန်ရည်ရည်သန်၍ ဆရာတော်ဒေါက်တာ ဦးဓမ္မသာမိ ဦးဆောင်မှုအောက်တွင် ဆရာနှင့်ဒကာ ညီညာစွာ လက်တွဲသာသနာပြုလာခဲ့ရာ ၂၀၀၃ ခုနှစ်မှသည် သက်တမ်းခြောက်နှစ်အတွင်းသို့ရောက်ခဲ့လေပြီ။ အိပ်ခန်းနှစ်ခန်းပါသော ကျောင်းမှသည် အိပ်ခန်းငါးခန်း ပါသော ကျောင်းဆီ၊ ထိုမှတစ်ဆင့် ဤ ၂၀၀၉ ခုနှစ် မေလတွင် အိပ်ခန်း ၁၀ ခန်းပါသော ကျောင်းသစ်ဆီကို ပြောင်းရွှေ့နိုင်ခဲ့သည်။ ဆရာနှင့်ဒကာ ညီညာစွာ ကြိုးပမ်းဆောင်ရွက် ချက်များကြောင့်ဖြစ်သည်။

ကျောင်းသစ်ဖွင့်ပွဲကို ဓမ္မစကြာနေ့၊ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ၊ နှစ်ရက်တိုင်တိုင် တစ်နေ့လျှင် သုံးခေါက် ဓမ္မစကြာသုတ်စုပေါင်းရွတ်ဖတ်ပူဇော်ပွဲ၊ တရားဦးဒေသနာတော်အကြောင်း ဆွေးနွေးပွဲနှင့်အတူ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအခမ်းအနားကို သာသနာ့နွယ်ဝင် သူတော်စင်များနှင့် ဓမ္မမိတ်ဆွေများအားလုံး အောက်ပါ အစီအစဉ်အတိုင်း ကြွရောက်ကြပါရန် ခင်မင်ရင်းနှီးစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

နေရာ ။ ။ Oxford Buddha Vihara, 356, Abingdon Rd, Oxford, OX1 4TQ, UK

ရက်စွဲ ။ ။ (စနေ၊ တနင်္ဂနွေ) ၄-၅၊ ဇူလိုင်လ၊ ၂၀၀၉

ဖုန်း ။ ။ ၀၁၈၆၅ ၇၉၁ ၅၉၁ Email: oxford_buddhavihara@yahoo.co.uk

**အစီအစဉ်**

၁၀ း ၃၀ ။ ။ ဆွမ်းတော်ကပ်လှူပူဇော်ခြင်း၊ သရဏဂုံသုံးပါးနှင့် ငါးပါးသီလခံယူဆောက်တည်ခြင်း

၁၁ း ၀၀ ။ ။ သံဃာတော်များဆွမ်းခံကြွ၊ အလှူရှင်များ ဆွမ်းလောင်းခြင်း

၁၁ း ၂၀ ။ ။ ကြွရောက်လာကြသော ဧည့်ပရိသတ်များ နေ့လည်စာသုံးဆောင်ခြင်း

၁၃ း ၀၀ ။ ။ ဓမ္မစကြာတရားဦးဒေသနာတော်အကြောင်း ဟောကြားဆွေးနွေးခြင်း

၁၄ း ၀၀ - ၁၅ း ၄၅ ။ ။ ဓမ္မစက္ကပဝတ္တနသုတ် စုပေါင်းရွတ်ဖတ်ပူဇော်ခြင်း (စနေ၊ တနင်္ဂနွေ)

၁၆ း ၀၀ ။ ။ သံဃာတော်များအား ဝါဆိုသင်္ကန်းကပ်လှူခြင်း (တနင်္ဂနွေနေ့)

မှတ်ချက် ။ ။ ဓမ္မမိတ်ဆွေများ ကြွရောက်နိုင်သည့် ရက် နှင့် အချိန်ကို အီးမေးလ်ဖြင့်လည်းကောင်း၊ ဖုန်းဖြင့်လည်းကောင်း ပြန်လည် အကြောင်းကြားပါရန် မေတ္တာရပ်ခံအပ်ပါသည်။

သံဃာတော်နှင့် ဒါယကာဒါယိကာမများ